ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (20-6-2011) (၆၇၉၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံလိုအပ်ချက်များ ပြည့်စုံအောင် အလေးထားထူထောင်ပေးနေ စိုက်ကေတိုးချဲ့ရုံသာမက စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်း သွင်းအားစုများထည့်သွင်းရေး၊ နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး မပြတ်မနေလုပ်ဆောင်

ရန်ကုန် ဇွန် ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့သို့ ယမန်နေ့ နံနက်ပိုင်းတွင် သွားရောက်ပြီး ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားကာ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ဧရာဝတီတံတား (ညောင်တုန်း)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကားလမ်းတိုးချဲ့ပြုပြင်

ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၆နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် လှိုင်သာယာ - ကော့မှူး - ကွမ်းခြံကုန်း ကားလမ်းတိုးချဲ့ပြုပြင်ပြီးစီးမှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲတံတား၊ ဖျာပုံတံတားနှင့် ဒေးဒရဲ-ဖျာပုံ-ဘိုကလေးလမ်းတို့ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့သည့် ဘိုကလေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဆေးရုံဖွင့်လှစ်ပြီးနောက် လူနာများအား လက်ခံကုသပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း၌ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

- ☆ **တံတားကြီး အမြဲကောင်းမွန်ခိုင်ခံ့ရေး နည်းပညာ အပိုင်းရော၊ သုံးစွဲသည့်ပစ္စည်းများပါ စံချိန်စံညွှန်းမီရန်လို**
- ☆ **နောင်ရေရှည်ကာလတွင် မှီငြမ်းနိုင်ရေးအတွက် တံတားတည်ဆောက်မှု အတွေ့အကြုံများ စနစ်တကျ မှတ်တမ်းထား**
- ☆ **တံတားတည်ဆောက်ရေးတွင်ပါဝင်သည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ မိမိတို့လုပ်ငန်းအပေါ် ဂုဏ်ယူစိတ်ထားရှိ**

ကြေးမုံ The Mirror

၂၀-၆-၂၀၁၁
(တနင်္လာနေ့)

စိတ်ဓာတ် စည်းကမ်း ပညာ မြင့်မားအောင် ပျိုးထောင်

သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ပြောင်းလဲနေသည်။ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် စက်မှုနည်းပညာများ မြင့်မားလာသည်။ ယင်းတိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင်သာမက စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများအပေါ် လွှမ်းခြုံရိုက်ခတ်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည် မြင့်မားမှုစွမ်းရည်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရပေမည်။ လူငယ် လူရွယ်များအား စာပေ၊ အသိပညာ၊ အတွေးအမြင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လေ့ကျင့်သင်ကြား ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် လူငယ်လူရွယ်များအား ပြုစုပျိုးထောင်ရာတွင် ကျောင်းစာ ထူးချွန်တတ်မြောက်ရေး ဦးစားပေး သင်ကြားကြရပေမည်။ တစ်ချိန်တည်းတွင် လူမှုဆက်ဆံရေး၊ စာရိတ္တ၊ အားကစား ဘက်စုံဖွံ့ဖြိုးလာစေရေး လေ့ကျင့်ပေးကြရမည်။ အတွေးအမြင် စိတ်ဓာတ်နှင့် အမူအကျင့် အလေ့အထကောင်းများရရှိနေစေရေး လမ်းမှန်ညွှန်ပြပေးကြရန် တာဝန်ရှိသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာဟူသည့် ဂုဏ်ဒြပ်သည် ကြည်ညိုလေးစားဖွယ် ဂုဏ်ရည်များ ပြည့်ဝနေပြီးဖြစ်သည်။ ပညာကို အလေးအမြတ်ထားသည့် မြန်မာ့လူ့ဘောင်တွင် ဆရာ၊ ဆရာမများသည် တပည့်များအား စေတနာကောင်း စိတ်ဓာတ်ကောင်း အပြည့်အဝထား၍ အတတ်ပညာသင်၊ အသိပညာပေး၊ စည်းကမ်းလိုက်နာတတ်ရေး ပုံဖော်ထုဆစ်ပေးကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များသည် နုပျိုတက်ကြွ ဖျတ်လတ်နိုးကြားမှုရှိသည်။ ထက်မြက်သည့် ဉာဏ်ရည်၊ ဉာဏ်သွေး၊ တက်ကြွသည့် အားမာန်များကို ခေတ်မီနည်းပညာသစ် ကျွမ်းကျင်တတ်မြောက်မှုတို့ ပေါင်းစပ်ပေးကြရမည်ဖြစ်သည်။ ကျောင်းပရဝဏ်ကို ကျော်လွန်လာသည့်အခါ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းအကျိုး လက်တွေ့သယ်ပိုးစွမ်းဆောင်နိုင်ရေး၊ အတွေးအမြင်မှန်ကန်စေရေး ရှေ့ဆောင်လမ်းပြပေးကြရပေမည်။

ယနေ့အချိန်အခါတွင် ခေတ်သစ် စနစ်သစ် နိုင်ငံသစ်ကို တည်ဆောက်နေသည်။ ပညာရည်ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် တရားဥပဒေများ လေးစားလိုက်နာတတ်သော လူငယ်များ၊ နိုင်ငံကြီးသားစိတ်ဓာတ်ပြည့်ဝသော လူငယ်များ ဖြစ်လာစေရေး ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းဖြင့် စွမ်းဆောင်ရည်မြင့်မား လူရည်ချွန် လူရည်မွန်များ ဆက်လက်ပေါ်ထွက်လာနေမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ရန်ကြီးအောင်လမ်းနေ ဦးစိန်ဝင်း-ဒေါ်ချိုချို၊ မြေး မောင်ဟိန်းထူးအောင်၊ မရတနာမင်းမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် ငွေကျပ် ၅၀၁၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၂၀၀	၀. ၀၃၂၇၇
တရုတ် (ယွမ်)	၆. ၄၇၀၀၀	၀. ၁၅၄၅၆
အိန္ဒိယ (ရူပီး)	၄၄. ၇၉၅၀	၀. ၀၂၂၃၂
မလေးရှား (ရင်းဂစ်)	၃. ၀၃၅၅၀	၀. ၃၂၉၄၄
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၃၅၀	၀. ၈၁၀၇၀
ဂျပန် (ယန်း)	၈၀. ၀၂၀၀	၀. ၀၁၂၅၀
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၆၅	၀. ၀၀၀၉၂
ယူရို	၀. ၆၉၈၆၅	၁. ၄၃၁၃၃
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၇၀	၁. ၆၁၈၉၁

အင်တာနက်။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မကွေးမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇွန် ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဆေးတက္ကသိုလ်(မကွေး)သင်ကြားရေးဆေးရုံကြီး ပရဝဏ်အတွင်း ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများထံ ပျိုးပင်များကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အရိပ်ရပင်ကို စိုက်ပျိုးပေးပြီး**(ဓါတ်ပုံ)** တက်ရောက်လာကြသူများက ကျွန်း၊ ပျဉ်းကတိုး အပါအဝင် အရိပ်ရလေကာပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုက်လံကြည့်ရှုအားပေးသည်။ ယခုနှစ်အတွင်း မကွေးမြို့နယ် သစ်တောဦးစီးဌာနက ကျွန်းအပါအဝင် အရိပ်ရပင် စုစုပေါင်း ၁၆၁၃၄၈ ပင် စိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအဆင့်ပြိုင်ပွဲများကို နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၌လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်အဆင့် ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်ခန်းမ၌ လည်းကောင်း ယနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲကျင်းပရာ နေရာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် The World at 7 Billion "သန်းခုနစ်ထောင်ရဲ့ဝန်တာ၊ ထမ်းဆောင်နေတဲ့ဒို့ရဲ့ကမ္ဘာ" ဟူသော ခေါင်းစဉ်ဖြင့် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူ ၁၆၀၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်တို့မှ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတ်မှတ်နေရာ အသီးသီးတို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့ကြသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်အဆင့်ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၉

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၄ ရက်နှင့် ၅ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း ဦးသာညွှန်းမွှေးရုံ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မွန်ပြည်နယ်) ဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။**(ဓါတ်ပုံ)**

အဆိုပါပြိုင်ပွဲများသို့ မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ ကျောင်းသား၊ ကျောင်းသူ ၇၂ ဦး၊ ပညာရေးကောလိပ်မှ ခုနစ်ဦး စုစုပေါင်း ၇၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ (သတင်းစဉ်)

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်

ကန်ကြီးထောင့် ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမ၌ ဇွန် ၁၃ ရက်က မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက တစ်တီတူးချောင်းကျေးရွာရှိ အမှတ်(၉)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားပြီး အလှူငွေကျပ် ၂၀၂ သိန်းနှင့် ကျောင်းဝတ်စုံ ၁၀၀ အား လှူဒါန်းပြီး ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့နယ်မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံကို သွားရောက်ပြီး ကျေးလက်ဒေသမှ လာရောက်မီးဖွားနေသော မိခင်နှင့်ကလေးတို့အား အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် ဆေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၄၀၁)

ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုး

မိတ္ထီလာ ဇွန် ၁၉

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရွာများသန့်ရှင်းသပ်ရပ်မှုရှိရေး ညွှန်ကြားချက်နှင့်အညီ ပန်းအလှပင်များ ပျိုးထောင်ခြင်း၊ မြေချစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက် နံနက်ပိုင်းက အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြင်းခြံသွားလမ်း ကန်ဘောင်ဘေး ဝဲ၊ ယာ တစ်လျှောက်တွင် စက္ကူပန်းပင်၊ ပန်းအိပင်နှင့် နွယ်သာကီပန်းပင်များ မြေချစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ ဇွန် ၁၈ ရက်တွင် ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ် အကြား အရှည် ၁၃၁ ပေရှိ မုန်းချောင်းတံတား အမှတ်(၁)နှင့် အရှည် ၄၉၀ ဒသမ ၆ ပေရှိ မုန်းချောင်းတံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး Bore Pile တူးခြင်းဆောင်ရွက်နေမှု၊ ရေလယ်တိုင်များ ဆောင်ရွက်ပြီးစီးမှု၊ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားပေါင် (PC Girder) ထုတ်လုပ်ထားရှိမှုနှင့် ကွန်ကရစ်တံတားပေါင်များတင်ရန် ဘေလီဖြင့် ယာယီအစီအစဉ် ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

ထို့နောက် စလင်းမြို့နယ် ဆင်ဖြူကျွန်းအနီး အရှည် ၁၅၃၉ ပေရှိ စလင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တံတားများပြီးစီးသွား၍ ပွင့်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ဖွင့်လှစ်နိုင်မည်ဆိုပါက ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတစ်ခုလုံး ပြီးစီးသွားမည်ဖြစ်ကြောင်း၊ ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီးသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် မဟာဗျူဟာမြောက် ရထားလမ်းဖြစ်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူများက နေ့မအားညမနား ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ စလင်းချောင်းတံတားလုပ်ငန်းခွင်သို့သွားရောက်ပြီး Bore Pile တူးခြင်းလုပ်ငန်း၊ရေလယ်တိုင်များ Pile Cap နှင့် Pire Shift လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီး-မကွေးရထားလမ်းပိုင်း ကန်နီလေးဘူတာမှ မိချောင်းရဲမြို့အနီးရှိ ဧရာဝတီတံတား (မလွန်) ချဉ်းကပ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ချဉ်းကပ်ရထားလမ်းမြေသားလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မိချောင်းရဲမြို့အနီး ဧရာဝတီတံတား(မလွန်) ချဉ်းကပ်ရထားလမ်းပိုင်း အရှည် ၃၂၇ ဒသမ ၆ ပေရှိ စစ်ကိုးပင်ချောင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ချဉ်းကပ်ရထားလမ်းသည် ၁၄ ဒသမ ၇၄ မိုင်ရှည်လျားမည်ဖြစ်ပြီး တောင်တွင်းကြီးဘူတာမှ ဧရာဝတီမြစ်ကူးတံတား(မလွန်)ကိုဖြတ်သန်း၍ ကြံခင်း-ပခုက္ကူ ရထားလမ်းပေါ်ရှိ မလွန်ဘူတာသို့ ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီ(မြစ်ဖြတ်) ရထားလမ်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ပဲခူးတက္ကသိုလ် အဆင့်တိုးမြှင့်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇွန် ၁၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ပဲခူးတက္ကသိုလ် အဆင့်တိုးမြှင့်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ပဲခူးတက္ကသိုလ် ပင်မဆောင် MB-250 ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပဲခူးတက္ကသိုလ် ဓမ္မာရုံတည်ဆောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အလှူငွေကျပ် ၁၀ သိန်း၊ ဧရာဝဏ်ပုံနှိပ်လုပ်ငန်းက အလှူငွေကျပ် ငါးသိန်းနှင့် ကျန်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ပဲခူးတက္ကသိုလ် အဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အထက(၂)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

အထက(၂)ဗိုလ်တထောင်(St.Philips) တွင် ၁၉၄၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး အကြို ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေ ပေးအပ်ပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၂) ဗိုလ်တထောင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူ (ငြိမ်း) ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူ ဖုန်း-၂၉၁၅၂၃၊ ဒေါက်တာထွန်းမြင့် ဖုန်း-၀၉-၅၀၁၈၇၄၃၊ ဦးသီဟန် ဖုန်း-၀၉-၅၀၁၆၅၃၁၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၅၀၄၇၄၄၂၊ ဦးထွန်းဇော် ဖုန်း-၀၉-၅၁၄၄၈၅၀၊ ဒေါက်တာဝင်းထွန်းဦး ဖုန်း-၀၉-၇၃၀၂၄၉၂၆၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁၅၈၁၅၉၊ ဒေါ်မိမိမောင် ဖုန်း -၀၉-၅၁၃၀၉၂၀၊ ဒေါ်သန္တာအောင် ဖုန်း-၀၉-၇၃၁၂၀၁၀၄၊ ဒေါ်မိုးသန္တာ ဖုန်း-၀၉-၅၁၅၂၂၀၉ နှင့် ဒေါက်တာရှင်နှောင်းလွင် ဖုန်း-၀၉-၅၄၁၂၄၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၀၇ ခုနှစ် အမျိုးသားစာပေဆုရ နံရံပန်းချီကပြောသော ပုဂံခေတ်ပုံရိပ်များစာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

"နံရံပန်းချီကပြောသော ပုဂံခေတ်ပုံရိပ်များစာအုပ်" ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဒုတိယအကြိမ် အဖြစ်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ စာအုပ်တွင် ပုဂံခေတ် နံရံရေးဆေး ပန်းချီများကို အခြေခံ၍ ပုဂံခေတ် လူနေမှုဘဝ၊ ကိုးကွယ်ယုံကြည်မှုနှင့် အနုသုခုမများကို အပိုင်းသုံးပိုင်းခွဲ၍ သရုပ်ပြဓာတ်ပုံပေါင်း ၇၀ ဖြင့် ရှင်းလင်း သုံးသပ်တင်ပြထားသည်။

အဆိုပါစာအုပ်ကို ယဉ်ကျေးမှုဝန်ကြီး ဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရုံးချုပ် ရုံးအမှတ်(၃၅) နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၄၀၊ ရန်ကုန်ရုံး ၃၂-ဒီ (၆)မိုင်ခွဲ ပြည်လမ်း ဖုန်း-၀၁-၅၁၅၀၅၄၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်နှင့် စာအုပ်တိုက်များသို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ဓမ္မရိပ်မဂ္ဂဇင်း ထွက်ရှိ

ဘာသာ၊ သာသနာထွန်းကားပြန့်ပွားရေးအတွက် လစဉ်ထုတ်ဝေလျက်ရှိသော ဇွန်လထုတ် ဓမ္မရိပ် မဂ္ဂဇင်း ထွက်ရှိလာသည်။

အဆိုပါမဂ္ဂဇင်းတွင် ကမ်းတစ်ဖက်၌ ချန်နေသူ၊ နိဂြောဓသောမဏေနှင့် ရှင်အရဟံ၊ လူတိုင်းအတွက် ပဌာန်း၊ အမိုက်ချင်းပြိုင်သင့်ပါသလား၊ မြင့်မြတ်သူတို့ နှလုံးသား၊ မြန်မာ၊ ကမ္ဘာ၊ သာသနာ၊ နေရာမြင့်မြင့် စိတ်ထားမြင့်မြင့်၊ လွတ်လပ်စွာ လှူဒါန်းပေးကမ်းခြင်း၊ သင်လူအစစ်ဖြစ်ပြီလား၊ ဗုဒ္ဓဘာသာဆိုင်ရာ ဝေါဟာရများ၊ ကင်းဝန်မင်းကြီးနှင့် သက်ရှည်ကျန်းမာဆေးပညာ၊ ဒါနနှင့် သီလ မည်သည်က အဓိကကျသနည်း၊ မွေးနေ့ကုသိုလ်၊ တတ်သိပညာ အစဉ်မြင့်မှ စီးပွားအရှည်တည်တံ့မည်၊ ကျွန်တော့်အရှုံးအနိုင် သူများဆုံးဖြတ်၍မရ စသည့် ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်း၊ ကဗျာများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

စာအုပ်စာပေ လှူ့မိတ်ဆွေ

ဇွန် ၁၆ ရက်က အနန္တော အနန္တငါးပါးကို ဦးထိပ်ထား၍ ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဒေါ်ခင်သန်းနှင့် သားသမီးမြေးမြစ်တစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်လှူဒါန်းငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အရန်အဖွဲ့ဝင် ဦးအေးမောင်သန်း လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၁၉

CONCORDIA Int'l Co.,Ltd. မှ လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကုန်းကြောင်းသုံးနှင့် ရေကြောင်းသုံး GPS နှစ်မျိုးလုံးအတွက် အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ၊ Mapsource software, Topcon Link software, Cavil CAD software များဖြင့် Down Loading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံပြုလုပ်ခြင်းများ၊ မြေတိုင်းတာခြင်းကို ခေတ်မီ Instrument များဖြစ်သော Total Station ဖြင့် လက်တွေ့တိုင်းတာခြင်းများကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်သည်။

အဆိုပါသင်တန်းကို ဇွန် ၂၀ ရက်မှ စတင်လက်ခံပြီး အခြေခံပညာအထက်တန်း (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီး စိတ်ပါဝင်စားသူများ၊ ရေယာဉ်လုပ်သားများ တက်ရောက်နိုင်ကြောင်း၊ GPS ဘာသာရပ်တစ်ခုတည်း သီးသန့်တက်ရောက်လိုသူများအတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိကြောင်း၊ အသေးစိတ်သိရှိလိုပါက ရန်ကုန် Concordia Ltd. သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၈၁၇၀နှင့် ၅၄၀၀၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ဘန်ကီမွန်းအား ပြန်ရွေးချယ်ရန် လုံခြုံရေးကောင်စီထောက်ခံ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်း။
(ဓာတ်ပုံ-အင်တာနက်)

ပေကျင်း ဇွန် ၁၉

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ဒုတိယ သက်တမ်း ပြန်လည်အရွေးခံရန်အတွက် ထောက်ခံကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက တစ်ခဲနက်ဆုံးဖြတ်ချက် ချမှတ်လိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ခန့်အပ်ရေးအတွက် စဉ်းစားသုံးသပ်ရန် အဖွဲ့ဝင် ၁၅ ဦးပါ လုံခြုံရေးကောင်စီက တံခါးပိတ်တွေ့ဆုံခဲ့ပြီးသည့်နောက် ကုလသမဂ္ဂဆိုင်ရာ ဂါဘွန် သံအမတ် နယ်လ်ဆင်မက်ဆိုနဲက သတင်းထောက်များသို့ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကျေးဇူးတင်

အဆိုပြုလွှာတင်သွင်းပြီးနောက် ဘန်က ကျေးဇူးတင်ကြောင်း ကြေညာချက်ထုတ်ပြန်ရာတွင် ကုလသမဂ္ဂအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့သည့်ကာလအတွင်း ပြီးမြောက်ခဲ့သော အခြင်းအရာများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ၎င်းအပေါ် ယုံကြည်မှုနှင့် ထောက်ခံမှုများအတွက် ကျေးဇူးတင်ပါကြောင်း ဖော်ပြထားသည်။

နောက်တစ်ပတ်၌ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တရားဝင်မဲပေးပွဲကို ကျင်းပမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘန်ကီမွန်း ပြန်လည်အရွေးချယ်ခံရရေးမှာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ၏ ထောက်ခံမှုလိုအပ်သည်ဟု ဆိုသည်။

ဆင်ဟွာ။

တရုတ်အရှေ့ဘက် ကမ်းလွန်တွင် စိမ်းပြာရေညှိများပေါက်နေ

ကျင်တောင် ဇွန် ၁၉

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော ကျင်တောင်မြို့ ကမ်းလွန်ပင်လယ်ပြင်တွင် ရေမိုင် ၁၂ မိုင်အကွာအဝေးအတွင်း စိမ်းပြာရေညှိပင်များ ပေါက်ရောက်နေသည်ကို ပင်လယ်ရေကြောင်းရဲတပ်ဖွဲ့က တွေ့ရှိကြောင်း ပြောကြားသည်။

စိမ်းပြာရေညှိပင်များကို အရှေ့ဘက်ကမ်းရိုးတန်းဒေသ ကမ်းလွန်တွင် မေ ၂၈ ရက်က ပထမဆုံး ရှာဖွေတွေ့ရှိခဲ့သည်။ ဇွန် ၁၆ရက်တွင် စိမ်းပြာရေညှိပင်များ ၁၇၅ စတုရန်းကီလိုမီတာ အကျယ်အဝန်းမှ ၁၈၀ စတုရန်းကီလိုမီတာ အကျယ်အဝန်းအထိ တိုးလာကြောင်း အမျိုးသားပင်လယ်သမုဒ္ဒရာလေ့လာရေးဌာန အောက်ရှိ တရုတ်နိုင်ငံမြောက်ပိုင်း ပင်လယ်ပြင်လေ့လာရေးဌာနခွဲက ပြောကြားသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသမှ ရေမိုင် ခုနစ်မိုင်အကွာ ဒါဂေါင်ကျွန်းအနီးတစ်ဝိုက်တွင် စိမ်းပြာရေညှိပြင်လွှာကို ဒေသဆိုင်ရာ ပင်လယ်ရေကြောင်းရဲတပ်ဖွဲ့ ကင်းလှည့်ရေယာဉ်က ရှာဖွေတွေ့ရှိခဲ့သည်။

စိမ်းပြာရေညှိပြင်လွှာသည် တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသဘက်သို့ ဦးတည်ရွေ့လျားလာကြောင်း ရှန်တုန်ပြည်နယ် ကျင်တောင်မြို့ ကမ်းလွန်ဒေသသို့ ငါးရက်အတွင်း ရောက်ရှိလာဖွယ်ရှိကြောင်း၊ အဆိုပါ အမျိုးသား ပင်လယ်သမုဒ္ဒရာလေ့လာရေးဌာနက ပြောကြားသည်။

စိမ်းပြာရေညှိပင်များသည် အဆိပ်အတောက် မရှိသော်လည်း အောက်ဆီဂျင်အများအပြားကို စုပ်ယူနိုင်ခြင်းကြောင့် ပင်လယ်ရေသတ္တဝါများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည်။ ပုပ်သိုးသွားသော စိမ်းပြာရေညှိပင်များမှ အနံ့ဆိုးများလည်း ပေါ်ထွက်နေကာ ပင်လယ်ကမ်းရိုးတန်း မြို့ရွာများ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ထိခိုက်စေနိုင်သည်။

၂၀၀၇ ခုနှစ်က ပင်လယ်ဝါတွင် စိမ်းပြာရေညှိပြင်လွှာများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကျင်တောင်မြို့၌ ကျင်းပသော အိုလံပစ်ရွက်လှေပြိုင်ပွဲအတွက် ရေလမ်းကြောင်း ရှင်းလင်းပေးနိုင်ရန် ဒေသခံပြည်သူများနှင့် စစ်သည်များက စိမ်းပြာရေညှိ တန်ချိန် ထောင်ပေါင်းများစွာကို ရှင်းလင်းဖယ်ရှားပေးခဲ့ရသည်။

ဆင်ဟွာ။

နေတိုးလောင်စာတင်ယာဉ်များ မီးလောင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် အသေခံကားပုံးဖောက်ခွဲ အရပ်သားသုံးဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

ကဘူး ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြောက်ဘက်မှ ကီလိုမီတာ ၂၅၀ ကွာဝေးသော ကန်ဒုဇ်ပြည်နယ်တွင် ဇွန် ၁၉ ရက်က အသေခံကားဗုံးတစ်လုံးပေါက်ကွဲကြောင်း၊ ဖြစ်စဉ်ကြောင့် အရပ်သားသုံးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်က ကန်ဒုဇ်ပြည်နယ်မြို့တော်၏ လေဆိပ်လမ်းမကြီးတွင် မဟာမိတ်တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ယာဉ်အား ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်လာသောကားဖြင့် အသေခံဗုံးခွဲသမားက ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

ယင်းအသေခံဗုံးခွဲတိုက်ခိုက်ခံရမှုတွင် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များဘက်မှ သေကျေဒဏ်ရာရရှိမှုမရှိချေ၊ ဒဏ်ရာရရှိသွားသူများအား နီးစပ်ရာဆေးရုံသို့ ဆေးကုသရန် အာဖဂန်အမျိုးသားရဲတပ်ဖွဲ့က ခေါ်ဆောင်သွားသည်ဟုဆိုသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြစ်ကြောင်း ကြေညာချက်တွင် အခိုင်အမာဖော်ပြထားသည်။ သို့ရာတွင် တာလီဘန်များဘက်မှ ထင်မြင်ချက် တစ်စုံတစ်ရာမပေးချေ။

အမ်အင်အေ၊ဆင်ဟွာ။

စစ်သွေးကြွတို့၏ လက်တုံ့ပြန် တိုက်ခိုက်မှုကြောင့် အာဖဂန်တွင် နေတိုး လောင်စာတင်ယာဉ် ၁၅ စီး မီးလောင်

ကဘူး ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ စစ်သွေးကြွများသည် နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ်တန်းများကို ဇွန် ၁၉ ရက်က ပစ်မှတ်ထားတိုက်ခိုက်ရာ အာဖဂန်လုံခြုံရေးအစောင့် ကိုးဦးသေဆုံး၍ လောင်စာတင်ယာဉ် ၁၅စီး မီးလောင်သွားခဲ့သည်။

ပထမတိုက်ခိုက်မှုနှစ်ကြိမ်သည် ဂါဇနီပြည်နယ် အရှေ့ပိုင်း၌ တပ်စွဲထားသည့် ပိုလန်တပ်ဖွဲ့များ၏ အခြေစိုက်စခန်းသို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်သည့် ယာဉ်များအား လိုက်ပါစောင့်ရှောက်ပေးသော ပုဂ္ဂလိကအစောင့်များကို ပစ်မှတ်ထားခြင်းဖြစ်သည်။ တတိယမြောက်တိုက်ခိုက်မှုသည် ဟီရတ်နှင့် ဖာရက်ချ်ပြည်နယ်အကြား နယ်စပ်တစ်လျှောက်၌ ဖြစ်သည်။

အာဖဂန်စစ်သွေးကြွများက ၎င်းတို့၏ တိုက်ခိုက်ခြင်းသည် ကုလသမဂ္ဂ၏ ခွင့်ပြုချက်မရှိဘဲ အာဖဂန်မျိုးနွယ်စုတို့၏ ဒေသအပေါ် အမေရိကန်တို့ကတိုက်ခိုက်ခြင်းအား လက်တုံ့ပြန်ခြင်း ဖြစ်သည်ဟု ဆိုသည်။

သယ်ပို့

အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ အမေရိကန်တပ်ဖွဲ့များနှင့် နေတိုးတပ်ဖွဲ့များအတွက် အဓိကထောက်ပံ့ရေးပစ္စည်းများနှင့် လောင်စာဆီများကို အများအားဖြင့် ပါကစ္စတန်နိုင်ငံကို ဖြတ်သန်း၍ ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်မှမျိုးနွယ်စုတို့၏ ဒေသလမ်းကြောင်းအတိုင်း သယ်ပို့ပေးကြသည်။

ရေကြောင်းခရီးဖြင့် ရောက်ရှိလာသည့် ထောက်ပံ့ရေးပစ္စည်းများသည် ပါကစ္စတန်နိုင်ငံ မြို့တော်ကရာချိဆိပ်ကမ်းသို့ ချထားပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပက်တွန်းဝါပြည်နယ်ကို ဖြတ်သန်း၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ သယ်ဆောင်ကြသည်။

အင်တာနက်။

ဆိုမာလီသို့ပြန်ပေးရွေးငွေ ဒေါ်လာသန်းပေါင်းများစွာ သယ်လာသည့် အနောက်နိုင်ငံသားများကို ထောင်ဒဏ်အပြစ်ပေး

မိုဂါဒစ်ရှူး ဇွန် ၁၉

ဆိုမာလီနိုင်ငံအတွင်းသို့ ပင်လယ်ဓားပြများအား ပေးမည့် ပြန်ပေးရွေးငွေ ဒေါ်လာသန်းပေါင်းများစွာကို သယ်ဆောင်လာသည့် ဗြိတိန်နိုင်ငံသားသုံးဦး၊ အမေရိကန်နိုင်ငံသားတစ်ဦးနှင့် ကင်ညာနိုင်ငံသားနှစ်ဦးကို နိုင်ငံတော်တရားရုံးတစ်ရုံးက အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း တနင်္ဂနွေနေ့ အေပီသတင်းတွင် ဖော်ပြထားသည်။

နှစ်ဦးကို ထောင်ဒဏ် ၁၅ နှစ်ကျခံရန်နှင့် ဒဏ်ငွေ ဒေါ်လာ ၁၅၀၀၀ စီပေးဆောင်ရန်လည်းကောင်း၊ ကျန်သူများကို ထောင်ဒဏ် ၁၀ နှစ်ကျခံရန်နှင့် ဒဏ်ငွေဒေါ်လာ ၁၀၀၀၀ စီပေးဆောင်ရန်လည်းကောင်း ပြစ်ဒဏ်အသီးသီးစီရင်ခဲ့ကြောင်း ဆိုမာလီပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့်လက ၎င်းတို့၏ လေယာဉ်များသည် ဒေါ်လာငွေစက္ကူသန်းပေါင်းများစွာ သယ်ဆောင်လာသည်ကို တွေ့ရသဖြင့် ၎င်းတို့ကို မိုဂါဒစ်ရှူးမြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်များကို ကုမ္ပဏီများက အသုံးပြုပြီး ပင်လယ်ဓားပြများထံသို့ ပြန်ပေးရွေးငွေများ မကြာခဏ ပေးလေ့ရှိကြောင်း ဆိုမာလီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထောင်ဒဏ်အပြစ်ပေးခံရသည့် အနောက်နိုင်ငံသားများနှင့် ပတ်သက်၍ တာဝန်ရှိသူများက အသေးစိတ် ထပ်မံပြောကြားခြင်းမပြုပေ။

အေပီ။

အင်ဒိုနီးရှား၌ တရားမဝင်မွေးမြူထားသည့် လင်းပိုင်များ ပြန်လည်ထူထောင်ရေးအစီအစဉ်ဖြင့်သာ လွှတ်ပေးရေးတိုက်တွန်း

ဂျကာတာ ဇွန် ၁၉

အင်ဒိုနီးရှား၌ တရားမဝင်မွေးမြူထားသည့် လင်းပိုင်များကို ပင်လယ်အတွင်းသို့ တိုက်ရိုက်ပြန်လည်လွှတ်ပေးခြင်းမပြုဘဲ လင်းပိုင်ပြန်လည်ထူထောင်ရေး အစီအစဉ်ဖြင့်သာ ပြန်လည်လွှတ်ပေးရန် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး လှုပ်ရှားသူများက တိုက်တွန်းလိုက်ကြသည်ဟု သတင်းတွင် ဖော်ပြသည်။

ပုဂ္ဂလိကတိရစ္ဆာန်ရုံတစ်ရုံနှင့် နယ်လှည့်ဆပ်ကပ်အဖွဲ့တစ်ဖွဲ့တို့က ထိန်းသိမ်းမွေးမြူထားသည့် လင်းပိုင်ငါးများကို အစိုးရတာဝန်ရှိသူများက ထိန်းသိမ်းခဲ့ပြီး ပင်လယ်အတွင်းသို့ ပြန်လည်လွှတ်ပေးရန် စီစဉ်ထားသည်။

ထိန်းသိမ်းမွေးမြူထားခဲ့သော လင်းပိုင်ငါးများသည် ပင်လယ်ပြင်အတွင်း ဘာသာဘာဝ နေထိုင်ကျက်စားရန် အခက်အခဲရှိကြောင်း၊ သို့ဖြစ်၍ ယင်းလင်းပိုင်ငါးများကို သဘာဝနှင့်အညီ ပြန်လည်နေထိုင်ကျက်စားတတ်စေရန် ပြန်လည်ထူထောင်ရေးအစီအစဉ်ဖြင့် လေ့ကျင့်ပေးသင့်ကြောင်း ဂျကာတာအခြေစိုက် တိရစ္ဆာန်အကူအညီပေးရေး ကွန်ရက်အဖွဲ့က ပြောကြားသည်။

ထိန်းသိမ်းမွေးမြူထားသော လင်းပိုင်ငါးများသည် သဘာဝနှင့်အညီ နေထိုင်တတ်သော အလေ့အကျင့်များမရှိကြောင်း၊ ၎င်းတို့သည် ပင်လယ်သမုဒ္ဒရာရေစီးကြောင်းများကို ဆန့်ကျင်ကာ ရေကူးတတ်စေရန်လည်းကောင်း၊ အမဲလိုက်တတ်စေရန်လည်းကောင်း ပြန်လည်လေ့ကျင့်ပေးရန်လိုအပ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

မွေးမြူထိန်းသိမ်းခံထားရသော လင်းပိုင်ငါးများကို ဘာသာဘာဝ နေထိုင်ကျက်စားတတ်စေရန် ပြန်လည်လေ့ကျင့်ပေးခြင်းမရှိဘဲ ပင်လယ်တွင်းသို့ပြန်လွှတ်မည်ဆိုပါက ယင်းသတ္တဝါများသည် ဘေးဥပဒ်များနှင့် ရင်ဆိုင်ရနိုင်ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် တရားမဝင် ထိန်းသိမ်းမွေးမြူထားသော လင်းပိုင်ကောင်ရေ ၅၀ ရှိသည်။

အင်တာနက်။

မွေးမြူထားသည့် လင်းပိုင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံသွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ဖွင့်ပွဲကျင်းပ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ဇွန် ၁၄ ရက်တွင် ဘားအံမြို့နယ်ရှိ ဘားကပ်-ကော့ဂွန်း-နစ်ခြား-ဝဲကြီး-ရေကျော်ကြီး၊ ရေကျော်ကလေး ကျေးရွာချင်းဆက်လမ်းပိုင်းတစ်လျှောက်ကို လည်းကောင်း၊ ဝဲကြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ကျောင်းဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၅ ရက်တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၇ ရက်တွင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးရုံးခန်း၌ အထက်တန်းနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ ကျောင်းအတွက် အထွေထွေအသုံးပြုနိုင်ရေး ထောက်ပံ့အလှူငွေများ ပေးအပ်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြား သင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် မြိုင်ကြီးငူအထူးဒေသ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံဓာတ်ခွဲခန်းနှင့် ဆေးသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုကာ ဆေးရုံအတွက် လိုအပ်သော ဆေးဝါးနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ဒုံးကန်အားသုံး အနာဂတ်လေယာဉ်သစ် ပုံစံငယ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါရီနှင့်တိုကျိုမြို့တော်အကြား ၂ ဒသမ ၅ နာရီမျှဖြင့် ခရီးနှင်နိုင်မည့် ဒုံးကန်အားသုံး အနာဂတ်လေယာဉ်သစ် ဥရောပကုမ္ပဏီတစ်ခုတည်ဆောက်ရန်စီစဉ်

ပါရီ ဇွန် ၁၉

ဥရောပအာကာသလုပ်ငန်းကုမ္ပဏီ (အီးအေဒီအက်စ်)သည် ကာဗွန်ထုတ်လွှတ်မှုမရှိသော အသံထက်မြန်သည့် သယ်ယူပို့ဆောင်ရေးဒုံးယာဉ်တည်ဆောက်ရေးအတွက် စီမံကိန်းရေးဆွဲလျက်ရှိရာ၂၀၅၀ ခုနှစ် ဝန်းကျင်၌ ယင်းဒုံးယာဉ်ကို အသုံးပြု၍ ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှ ဂျပန်နိုင်ငံ တိုကျိုမြို့အကြား ခရီးကို ၂ ဒသမ ၅ နာရီမျှဖြင့် သွားရောက်နိုင်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

Zehst ဟု အမည်ပေးထားသော အဆိုပါ ဒုံးကန်အားသုံး လေယာဉ်သည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အနာဂတ်လေယာဉ်အမျိုးအစားဖြစ်လာမည်ဟု အီးအေဒီအက်စ် ကုမ္ပဏီ၏ လေကြောင်းနည်းပညာဌာနအကြီးအကဲက ထုတ်ဖော်ပြောကြားသည်။

Zehst ဒုံးကန်အားသုံးလေယာဉ်များသည် စတင်ပျံတက်ချိန်၌ ပင်လယ်ရေမှော်ပင်တစ်မျိုးမှထုတ်ယူသည့် ဇီဝလောင်စာသုံး အင်ဂျင်များကို အသုံးပြုမည်ဖြစ်ပြီး လိုအပ်သော အမြင့်သို့ရောက်ရှိပါက ဒုံးပျံအင်ဂျင်များ အသုံးပြုပျံသန်းမည်ဖြစ်သည်။

ယင်းလေယာဉ်များ၌ သုံးစွဲမည့် ဒုံးပျံအင်ဂျင်များသည် ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင်လောင်စာများကို အသုံးပြုမည်ဖြစ်ပြီး ဘေးထွက်ပစ္စည်းအဖြစ် ရေငွေ့များကိုသာ ထွက်ပေါ်စေမည်ဖြစ်သည်။

Zehst ဒုံးကန်အားသုံးလေယာဉ်များသည် ခရီးသည် ၅၀ မှ ၁၀၀ အကြား သယ်ဆောင်နိုင်စွမ်းရှိပြီး အမြင့် မိုင် ၂၀ တွင် ပျံသန်းသွားလာနိုင်မည်ဖြစ်သည်။

ယနေ့ခေတ် ခရီးသည်တင်လေယာဉ်များ အမြင့်မီတာ ၁၀၀၀၀ ဝန်းကျင်ထိသာထိရောက် ပျံသန်းနိုင်စွမ်းရှိသည်။

Zehst ဒုံးကန်အားသုံးလေယာဉ်၏ ကနဦးပုံစံကို ၂၀၂၀ ခုနှစ်၌ တည်ဆောက်၍ ယင်းလေယာဉ်အမျိုးအစားအား ၂၀၅၀ ခုနှစ်တွင် စတင်သုံးစွဲနိုင်ရန် အီးအေဒီအက်စ် အာကာသ ကုမ္ပဏီက ရည်မှန်းထားသည်။

အင်တာနက်။

စုပေါင်းလှူဒါန်း

ပျော်ဘွယ် ဇွန် ၁၉

ပျော်ဘွယ်မြို့ ရှမ်းပွဲရပ် သစ်ပန်းကန်ပင် မိဘမဲ့ကလေးများဂေဟာရှိ မိဘမဲ့ကလေးများအား အဆိုတော် 'ဒွန်း' နှင့် ရပ်ဝေးရပ်နီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အလှူဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းရှင်ပြု လှူဒါန်းပွဲကို မေ ၂၉ ရက် နံနက် ၇ နာရီက ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက်နာယက ဆရာတော် ဦးဆောင်၍ အလှူရှင်ပေါင်း ၅၂ ဦးတို့က မိဘမဲ့ကလေး ၅၂ ဦးတို့အား စုပေါင်းရှင်သာမဏေပြုပေးပြီး လှူဒါန်းကြကြောင်း သိရသည်။

(ဇာ)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ရွှေပြည်သာမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် အမှတ်(၂၃) ရပ်ကွက် ဝါးတရာ အလယ်တန်းကျောင်း (ခွဲ) ကျောင်းလမ်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ အင်းစိန်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးအောင်စိုးတင့်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များစုစုပေါင်းအင်အား ၅၀၀ ခန့်က ကျွန်း၊ ကုံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ စိန်ပန်း၊ မဲဇလီ၊ ယူကလစ်ပင် စုစုပေါင်း အပင် ၁၅၀၀ စိုက်ပျိုးပေးခဲ့သည်။

(အပေါ်ပုံ) (သစ်တော)

နိုင်ငံတကာသတင်းများ

သိမ်းငှက်တစ်ကောင် သုတ်ယူခဲ့သောသမင် ဓာတ်အားလိုင်းအပေါ်ပြုတ်ကျ၍ ဓာတ်အားပြတ်တောက်ခဲ့ရ

ဆော်လ်မွန် ဇွန် ၁၉

အမေရိကန်ပြည်ထောင်စု မွန်တားနားပြည်နယ်အနောက်ပိုင်း၌ ခေါင်းပြောင်သိမ်းငှက်တစ်ကောင်က လွှတ်ချခဲ့ဖွယ်ရှိသည့် သမင်ငယ်တစ်ကောင် ဓာတ်အားလိုင်းပေါ် ချိတ်မိခဲ့ခြင်းကြောင့် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရကြောင်း တာဝန်ရှိသူများက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

မဟာဓာတ်အားလိုင်းတစ်ခုပေါ်၌ သမင်ငယ်တစ်ကောင်ချိတ်မိနေခြင်းသည် ကြုံတောင့်ကြုံခဲ ဖြစ်ရပ်ပင်ဖြစ်ကြောင်း ယင်းဓာတ်အားလိုင်းကို စီမံခန့်ခွဲသော စွမ်းအင်ကုမ္ပဏီကဆိုသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပွားခဲ့ပြီးနောက် စွမ်းအင်ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ဓာတ်အားလိုင်းတွင် ချိတ်မိနေသော သမင်ကို တုတ်ရှည်တစ်ချောင်းဖြင့် ထိုးချဖယ်ရှားခဲ့ရကြောင်း သိရသည်။ **(အပေါ်ပုံ)**

နှစ်ထပ်တိုက်တစ်လုံးစာမျှ မြင့်မားသော ဓာတ်အားလိုင်းအပေါ်၌ သမင်ငယ်တစ်ကောင် ချိတ်တင်နေသည့် မြင်ကွင်းကြောင့် ဒေသခံများမှာ တအံ့တသြဖြစ်ကြရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဦးခေါင်း၌ အမွေးအမှင်မရှိခြင်းကြောင့် ခေါင်းပြောင်သိမ်းငှက်များဟု လူသိများသော သိမ်းငှက်မျိုးများသည် တောင်ပံနှစ်ဖက် အလျားရှစ်ပေမျှထိရှိပြီး အလေးချိန် ၁၄ ပေါင်နှင့်အထက်ရှိကာ သမင်ပေါက်များကို အလွယ်တကူ ထိုးသုတ်ချီယူနိုင်သည်ဟုဆိုသည်။ ***အင်တာနက်။***

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက်နေ ဆရာဦးခင်ဇော် (မြန်မာ့ရိုးရာနဝင်းစီးပညာရှင်)-ဒေါ်စန်းညွန့်၊ သမီး ဒေါက်တာတတိုင်းမွှေး (ကထိက၊ သမိုင်းဌာန)တို့က ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၅ ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရာ ကော့မှူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ပျဉ်းမနား ဇွန် ၁၉

ယာဉ်မတော်တဆဖြစ်ပွား၍ သေဆုံးထိခိုက်ဒဏ်ရာရမှုများတွင် လူ၏ပေါ့ဆမှု၊ မဆင်မခြင်မောင်းနှင်မှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာမှု နည်းပါးခြင်းတို့ကြောင့် အများဆုံးဖြစ်ပွားကြရာ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ(မြို့တွင်း)က ကြီးမှူး၍ ရွှေမြို့တော်၊ အားမာန်သစ်နှင့် တောင်ညို၊ မိုးစွေ ယာဉ်လိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၈ ရက်က ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲများကို အပတ်စဉ် စနေနေ့များတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၈၆)

ကိုလံဘီယာမှ ကမ္ဘာ့အကြီးဆုံးမြ

ကမ္ဘာ့အကြီးဆုံးမြကို ကိုလံဘီယာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့သည်။ အဆိုပါ မြကြီးကို ကိုလံဘီယာနိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး အလေးချိန်ကရက် ၁၅၀၀၀ ရှိသည်ဟုဆိုသည်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေး နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းတို့နှင့်အတူ ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ချိန်အတွင်း သတ်မှတ်နှုန်းထားအတိုင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်ရှိကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် ရှင်းလင်းချပြမှုများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့ဆန္ဒကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံ၍ ကိုယ်ချင်းစာတရားထားရှိကြရန်လိုကြောင်း၊ ပြည်သူ့ဝန်ထမ်းပီပီ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် မိမိလုပ်ငန်းများကို နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများ ထိရောက်မြန်ဆန်စေရေးအတွက် ဆက်စပ်ဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းဆက်စပ်ဆောင်ရွက်ရသည့် ဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံကာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် တောင်ကြီးမြို့နယ်ဦးစီးဌာနမှူးရုံး၏ မှတ်တမ်းခန်းနှင့် ရုံးခန်းများ၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ဧည့်ရိပ်သာ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများအား တွေ့ဆုံကာ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်နှင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စစ်တွေနှင့် ရသေ့တောင်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေး
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်နယ်ပညာရေးမှူးရုံးသို့ရောက်ရှိပြီး ပညာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား၍ ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စစ်တွေမြို့ရှိ ရွာကြီးမြောက်၊ ရွာကြီးတောင်နှင့် မီဇံအခြေခံပညာမူလတန်းကျောင်းများနှင့် မင်းဂံအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့သို့ရောက်ရှိပြီး နိုင်ငံတော်က ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့ပေးသည့် မူလတန်းအဆင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များဖြင့် ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရသေ့တောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြား၍ ဆေးဝါးထောက်ပံ့စရိတ်များပေးအပ်သည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးရုံးခန်း၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၆ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ၂၀၁၁ ခုနှစ် အာဆီယံ သွေးလွန်တုပ်ကွေးနေ့နှင့် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက အခမ်းအနား၌ ခင်းကျင်းပြသထားသည့် ငှက်ဖျားရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	အရေးပြိုင်ပွဲ
၈း၃၀	၉။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၀၀	၇။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅း၂၀	၈။	မြန်မာစာ မြန်မာစကား
၅း၃၅	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား(အပိုင်း-၁)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၇)**

ပျော့ဖတ်နှင့်စက္ကူ ပညာရှင်များ ညှိနှိုင်းဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ ပျော့ဖတ်နှင့်စက္ကူထုတ်လုပ်သူလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ ယင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက်တွင် အမှတ်(၁၆) ဆရာစံလမ်းမ ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ စိန်လုံစားသောက်ဆိုင်၌ ပြုလုပ်မည်ဖြစ်ရာ ဦးဖေကျော်ထင် ဖုန်း-၀၉-၅၁၀၄၉၈၂၊ ဦးတင်ကိုကို ဖုန်း-၀၉-၅၀၆၇၁၉၄၊ ၂၄၃၁၅၁၊ ဦးကျော်ဇောအောင် ဖုန်း-၀၉-၅၁၇၅၂၂၄၊ ဦးကျော်မင်း ဖုန်း-၀၉-၅၀၆၇၁၉၃၊ ၃၈၁၁၁၇နှင့် ဦးတင့်လွင် ဖုန်း-၀၉-၅၀၈၇၉၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

နိုင်ငံတကာအနုပညာရပ်ဝန်း နိုင်ငံတကာအနုပညာရပ်ဝန်း **အေဝမ်းစိုး**

မင်းသမီးပက်ဆိုလ်မီနှင့် မင်းသားဟန်ဂျေဆော့ခ် ချစ်သူများဖြစ်ကြောင်း ထုတ်ဖော်

ကိုရီးယားမင်းသမီး ပက်ဆိုလ်မီက မင်းသား ဟန်ဂျေဆော့ခ်နှင့် ပတ်သက်သည့် ကောလာဟလသတင်းများ ထွက်ပေါ်နေမှုကို မိမိတို့နှစ်ဦးချစ်သူများဖြစ်ကြောင်း ဝန်ခံလိုက်ခြင်းဖြင့် အဆုံးသတ်လိုက်ပြီဖြစ်သည်။

10 Asia မီဒီယာက လွန်ခဲ့သည့် သောကြာနေ့တွင် မင်းသမီးပက်ဆိုလ်မီကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ ပက်ဆိုလ်မီက မိမိတို့နှစ်ဦး လွန်ခဲ့သည့် လကတည်းက ချစ်ကြိုက်နေခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။ သို့သော်လည်း ၎င်းတို့နှစ်ဦးလက်ထပ်ရန်ကိစ္စကိုမူ အချိန်ယူစဉ်းစားရဦးမည်ဟုဆိုသည်။

ပက်ဆိုလ်မီနှင့် ဟန်ဂျေဆော့ခ်တို့သည် ၂၀၁၀ ခုနှစ်က ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် ဒရာမာကား The Great Merchant တွင် အတူတကွ သရုပ်ဆောင်ခဲ့ကြပြီး ထိုစဉ်က ၎င်းတို့နှစ်ဦးနှင့်ပတ်သက်သည့် ကောလာဟလများကို နှစ်ဦးစလုံးက ငြင်းဆိုခဲ့ကြသည်။

အသက်(၃၃)နှစ်ရှိ မင်းသမီးပက်ဆိုလ်မီသည် ၂၀၀၁ ခုနှစ်မှစ၍ ရုပ်သံဇာတ်လမ်းတွဲနှင့် ရုပ်ရှင်ကားများတွင် သရုပ်ဆောင်ခဲ့ခြင်းဖြင့် အနုပညာလောကသို့ ရောက်ရှိလာသူဖြစ်သည်။ သူ၏ထင်ရှားသောဇာတ်ကားများမှာ ၂၀၀၂ ခုနှစ်က Winter Sonata၊ ၂၀၀၃ ခုနှစ်က All

In၊ ၂၀၀၉ ခုနှစ်က Style ဇာတ်ကားများဖြစ်သည်။

အသက်(၃၇)နှစ်ရှိ မင်းသား ဟန်ဂျေဆော့ခ်က ၂၀၀၁ ခုနှစ်တွင် Four Sisters ဇာတ်ကား၊ ၂၀၀၂ ခုနှစ်တွင် Glass Slipper ဇာတ်ကား၊ ၂၀၀၇ ခုနှစ် တွင် Lobbyist ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ **အင်တာနက်။**

❍ ကျောဖုံးမှ

အလုပ်သမားဝန်ကြီး မစ္စတာ နာဆာ အာလ်ဟူမိုင်ဒီနှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများ၊ တစ်စိတ်တစ်ပိုင်း ကျွမ်းကျင်လုပ်သားနှင့် အထွေထွေလုပ်သားများကို ကာတာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိုင်အယ်လ်အိုရုံး အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာ ဂိုင်းရိုက်ဒါက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရနှင့် အိုင်အယ်လ်အိုတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၄ ရက် နံနက် ၈ နာရီတွင် အာဆီယံ အလုပ်သမားဝန်ကြီးများ၏ နံနက်ခင်း အလုပ်သဘော တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် အလုပ်သမားဝန်ကြီးဌာနက ဥပဒေမူကြမ်းများ ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

မိန့်ခွန်းပြောကြား

ထို့နောက် အကြိမ်(၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိန့်ခွန်းပြောကြားရာတွင် လူမှုအကာအကွယ်ပေးမှုသည် ပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်ကြောင်း၊ အလုပ်အကိုင်များ ပိုမိုရရှိစေမှု၊ ကျား/မ တန်းတူရည်တူရှိမှု၊ စီးပွားရေးအခိုင်အမာတိုးတက်စေမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ ထိရောက်သော လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိရေးအတွက်လည်း နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အလုပ်သမားများအား လူမှုရေးအကာအကွယ်ပေးမှုနှင့် အကျိုးကျေးဇူးများ ပိုမိုရရှိစေမည့် လူမှုဖူလုံရေး ဥပဒေအသစ်နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအသစ်တို့အတွက် မူကြမ်းများ ရေးဆွဲနေပြီဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားခဲ့သည့် မိန့်ခွန်း၌ တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးပံ့ပိုး ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေး၊ လုပ်ငန်းခွင် သက်သာချောင်ချိရေးနှင့် လူမှုဖူလုံရေးခံစားခွင့် အပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင်ရှိသော အလုပ်သမားများသာမက ပြည်ပမှာလုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် လုပ်ဆောင်ပေးသွားမည်ဟု ရှင်းလင်းစွာ ဖော်ပြခဲ့ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံချက်ရေးဆွဲ ပြုစုခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အကြံဉာဏ်မျှဝေ

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ညီလာခံသို့ ဆက်လက်တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ညီလာခံသို့ လေ့လာသူအဖြစ်တက်ရောက်သည့် ဘူတန်နိုင်ငံ အလုပ်သမားဝန်ကြီး မစ္စတာ လျွန်ပို ဒေါ်ဂျီ ဝမ်ဒီနှင့် အဖွဲ့အား ကုလသမဂ္ဂအဆောက်အအုံ၌ တွေ့ဆုံကာ အိုင်အယ်လ်အိုရေးရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံနှင့် အကြံဉာဏ်များကို မျှဝေပေးခဲ့ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

အလားတူပင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အလုပ်ရှင်ကိုယ်စားလှယ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်သည် ဇွန် ၁၀ ရက်တွင် ကျင်းပသည့် အကြိမ်(၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ မျက်နှာစုံညီအစည်းအဝေး၌ ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ခေတ်မီစက်မှုနိုင်ငံထူထောင်ရာ၌ လုပ်ငန်းရှင်များသည် အလုပ်သမားများ၏ လူမှုစီးပွားရေးဘဝမြှင့်တင်ရေးလုပ်ငန်းများ၏ အရေးကြီးမှုကို အသိအမှတ်ပြုကြောင်းနှင့် လူမှုရေးတာဝန်ရှိမှုများကိုလည်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှ ထွက်ခွာခဲ့ပြီး ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

(သတင်းစဉ်)

လမ်းဖွင့်ပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲများ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇွန် ၁၆ ရက် နံနက်ပိုင်း တွင် မုံရွာမြို့ ဘုန်းစိုးရပ်ကွက် မြတ်လေးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားနှင့် မြို့သစ်ရပ်ကွက် အောင်မြေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတို့ကို တက်ရောက်အားပေးသည်။

ထို့နောက် ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာ "မေတ္တာရောင်ခြည်" စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ကျေးရွာလူထု၏ လိုအပ်ချက်ဖြစ်သော အစိုးရမူလတန်း တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရေး၊ လက်ရှိကျေးရွာ မီးလင်းရေးကို ဒီဇယ်အစား Bio Gas ဖြင့် တွဲဖက်မီးလင်းရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဘုရားကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ သခွတ္တနယ် ကျေးရွာ တိုက်နယ်ဆေးရုံ၊ သခွတ္တနယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဝက်လူးအိုင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ချောင်းဝကြီးကျေးရွာ "အေးရိပ်ဝေ" စာကြည့်တိုက်၊ ရွှေစာရေးကျေးရွာ "ပန်းမြတ်တော်ဝင်" စာကြည့်တိုက်၊ ဝန်ပိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ရွာဦးတံတား ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးဗလာ စာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်း ဝတ်စုံများ၊ အားကစားပစ္စည်းများနှင့် စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

စေတနာပညာအလင်းရောင်စာကြည့်တိုက် စာအုပ်၊ စာစောင်လှူဒါန်းပွဲနှင့် ဟောပြောပွဲကျင်းပ

သထုံ ဇွန် ၁၉

သထုံခရိုင် သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ စေတနာပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များလှူဒါန်းပွဲနှင့် ရေရှည်တည်တံ့ခိုင်မာရေး ဟောပြောပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ကို ဆွေးနွေးပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျဖြစ်စေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဆိုပါစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက သုတ၊ ရသနှင့် မဂ္ဂဇင်းအုပ် ၃၀ ကို လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ၂၁ လက်မ ရောင်စုံတီဗွီနှင့် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဂျာနယ်အစောင် ၄၀၊ မြို့နယ် အခွန်ဦးစီးဌာနမှ ဂျာနယ်အစောင် ၂၀ နှင့် ဦးမောင်နုမိသားစုက ဂျာနယ်မျိုးစုံ အစောင် ၇၀ တို့ကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင်ပြန်/ဆက်)

စေတနာလှိုင် စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဇွန် ၁၉

မော်လမြိုင်ကျွန်းမြို့နယ် အောင်လှိုင်ကျေးရွာ စေတနာလှိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင် လှူဒါန်းပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် စာအုပ်၊ စာစောင်နှင့် ပရိဘောဂများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဌေးမောင်နှင့်ဇနီး ဒေါ်သင်းသင်းအေးတို့က ကုလားထိုင် ၁၀ လုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်အောင်က စာအုပ်၊ စာစောင် အုပ် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ် ၂၀၀ နှင့် ဂျာနယ်စုံ ၃၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်အသေးစားချေးငွေလုပ်ငန်းနှင့် မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချဌာနတို့က စုပေါင်းလှူဒါန်းသော စာအုပ်၊ စာစောင် ၄၅၀ တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပေါင်မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ပေါင် ဇွန် ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ် သဲအိမ်ကျေးရွာတွင် ဓမ္မပါလ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

စာကြည့်တိုက်အား နယ်မြေခံတပ်မှ ဗိုလ်မှူးစိုးဝင်းပိုင်၊ သဲအိမ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးချောနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းဖြစ်ပြီး တန်ဖိုး ငွေကျပ် သိန်း ၂၀ အကုန်အကျခံကာ ကျေးရွာပြည်သူလူထုက စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၆။ လျှပ်တစ်ပြက်
၄း၄၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၁၁)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာ့စံအိမ် (အပိုင်း-၃၃)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၁၂)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်

ဇီးကုန်းစည်ပင် ခြင်ဆေးဖျန်းဆောင်ရွက်

ဇီးကုန်း ဇွန် ၁၉

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့ပေါ်ရပ်ကွက်များ၊ ကျောင်းများ၊ ဈေးများတွင် ခြင်ဆေးဖျန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မိမိတို့ရရှိထားသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်တည်မြဲနေအောင် လုံခြုံရေးသတိဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲထိန်းသိမ်းဆောင်ရွက်ရင်း မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်

※ **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယသမ္မတသည် ကာကွယ်ဆေးထားသိုခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ကြည့်ရှုအားပေးသည်။

ဘိုကလေးမြို့ဖွံ့ဖြိုးမှု

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ခုတင် (၅၀)ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံဟောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် IOM တို့ ပူးပေါင်းဖွင့်လှစ်သည့် လူထုကျန်းမာရေးလုပ်သားသင်တန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လူထုကျန်းမာရေးလုပ်သားသင်တန်းသို့ ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျန်းမာရေးလုပ်ငန်းကို စိတ်ပါဝင်စားသည့် သင်တန်းသား၊ သင်တန်းသူ ၃၉ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ညွှန်ကြားဆောင်ရွက်ပေး

ဒုတိယသမ္မတသည် လူထုကျန်းမာရေးလုပ်သားသင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအား နှုတ်ဆက်ပြီး သင်တန်းသားများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ သူနာပြုသင်တန်းသို့ တက်ရောက်လိုပါက ညွှန်ကြားဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဘိုကလေးမြို့နယ် မြို့မ (၄)ရပ်ကွက်ရှိ စံကျောင်းပိုင်း အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံများနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယသမ္မတက လူဦးရေတိုးတက်မှု အနေအထားအရ ကျောင်းသား၊ ကျောင်းသူဦးရေလည်း တိုးတက်လာဦးမည်ဖြစ်သည့်အတွက် စာသင်ဆောင်များကို တိုးချဲ့တည်ဆောက်ပေးနေရဦးမည် ဖြစ်ကြောင်း။

ယခုလက်ရှိ ကျောင်းများ၏ မြေနေရာအကျယ်အဝန်းမှာ များသောအားဖြင့် စာသင်ခန်းများ ထပ်မံတိုးချဲ့ရန် ကန့်သတ်ချက်များရှိကြောင်း၊ ထို့ကြောင့် နောင်တွင်လိုအပ်ပါက စာသင်ခန်းများ ထပ်မံတိုးချဲ့နိုင်ရန်နှင့် ကျောင်းအားကစားကွင်းများကိုပါ ထည့်သွင်းတည်ဆောက်နိုင်မည့် မြေနေရာအကျယ်အဝန်း ရရှိရေးအတွက် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ ညှိနှိုင်းရှာဖွေထားရန် လိုအပ်ကြောင်း မှာကြားသည်။

ပြည်သူများနှင့်တွေ့ဆုံ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က ဘိုကလေးမြို့နယ် ဖွဲ့စည်းမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ မြေအသုံးချနိုင်မှု၊ သီးနှံစိုက်ပျိုးမှုနှင့် ဆန်၊ ဆီ ဖူလုံမှု၊ ရေထွက်ပစ္စည်းတင်ပို့နိုင်မှု၊ သစ်ပင်စိုက်ပျိုးနိုင်မှု၊ အခြေခံပညာကျောင်းများ အခြေအနေ၊ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးဌေးမောင်၊ ဦးတင်ထွန်းနှင့် ဦးသိန်းအောင်တို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့နှင့် ဆက်စပ်၍ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က နိုင်ငံတော်၏ အားပေးမှုများနှင့်အညီ ဘိုကလေးမြို့နယ်၏ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အချိန်အဟုန်မပျက်ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်၏ အားပေးမှု၊ ဒေသခံများ၏ အားထုတ်မှုများကြောင့် ဘိုကလေးမြို့နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာနေမှု၊ နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဘိုကလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် မှာကြားစဉ်။ (သတင်းစဉ်)

ရရှိထားပြီးဖြစ်ရာ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် အမြဲမပြတ်ကြိုးပမ်းအားထုတ်ရန် လိုအပ်နေမှုများနှင့် ပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး လက်တစ်ကမ်းအလိုတွင်ရှိနေသည့် နိုင်ငံတော်၏ အလားအလာကောင်းများကို ရရှိပိုင်ဆိုင်အောင် ဆောင်ရွက်ရေး၊ ရိုးသားကြိုးစားသည့် ဧရာဝတီသားများအနေဖြင့် နိုးကြားမှုကိုပါ ထပ်ဆင့်၍ မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက မြို့နယ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ လိုက်ပါလျက် ဘိုကလေးမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မြို့နယ်မှ တာဝန်ရှိသူများ၏ တင်ပြချက်များအရ ဘိုကလေးမြို့နယ်၏ လူဦးရေ ၇၅ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြပြီး ယင်းတို့၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်ကြောင်း။

အလားတူ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာလည်း ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး စိုက်ပျိုးရေးလုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းပင်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်က စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှသာလျှင် ပြည်သူအများစု၏ စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးအခြေခံလိုအပ်ချက်များ ပြည့်စုံအောင် အလေးထားပြီး ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများတိုးတက်ရေးအတွက် စိုက်ဧက တိုးချဲ့ရုံသာမက စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ဤနေရာတွင် သီးနှံအလိုက် ပန်းတိုင်အထွက်တိုးရေးအတွက် လိုအပ်သည့် သွင်းအားစုများထည့်သွင်းရေး၊ နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေးတို့ကို မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

အရင်းအနှီး

တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရင်းအနှီးများကို လိုအပ်သည့်အချိန်တွင် လုံလောက်မျှတစွာ ရရှိရေးအတွက် လွန်ခဲ့သည့်သုံးနှစ်ခန့်က တောင်သူများနှင့် သီးနှံအထူးပြုကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ကြကြောင်း။

အဆိုပါရှေ့ပြေးဆောင်ရွက်မှုအတွေ့အကြုံများကို အခြေခံ၍ ယခုအခါ တောင်သူများနှင့် လုပ်ငန်းများရှင်များအကြား နှစ်ဦးနှစ်ဖက် မျှတသည့်အကျိုးရရှိစေပြီး စီးပွားဖက်များအဖြစ် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်နှင့် ကတိကဝတ်များကို လိုက်နာစောင့်ထိန်းနိုင်ကြစေရန်အတွက် လိုအပ်သည့်ဥပဒေများကို ရေးဆွဲပြီး အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း။

အဆိုပါအစီအစဉ်တွင် တောင်သူလယ်သမားများသာမက အခြားသော အသေးစားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေကြရသည့် အခြေခံပြည်သူများအတွက်လည်း ပါရှိလာမည်ဖြစ်ကြောင်း။

စာတမ်းပြုစု

ထို့အပြင် မကြာသေးမီက နေပြည်တော်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် နိုင်ငံတကာအတွေ့အကြုံ၊ ပြည်တွင်းအတွေ့အကြုံရှိသည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ လက်တွေ့ဆောင်ရွက်နေကြသူများ စုပေါင်း၍ စာတမ်းများ ပြုစုဆွေးနွေးညှိနှိုင်းခဲ့ကြပြီး လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယသမ္မတများက ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် ကျေးလက်ဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

အဆိုပါ ကော်မတီများ၏ ရည်မှန်းချက်များအောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၊ လုပ်ငန်းရှင်များကပါ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူများသဘောပေါက်နားလည်မှုရှိရှိဖြင့် အတူတကွ လက်တွဲပါဝင်လာအောင် အသိပညာပေးစည်းရုံးဆောင်ရွက်သည့်

နည်းလမ်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊
လုပ်ငန်းရပ်တစ်ခုခုတွင် ပြည်သူများ အမှန်တ
ရှိ၊ မရှိ လေ့လာသုံးသပ်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုမ
တစ်ခုတည်းကိုသာကြည့်ပြီး မဖြစ်မနေ လို
လိုကြောင်း။

အလားတူ ကောင်းစေချင်၊ ဖြစ်စေချင်သ
ခြင်းကြောင့် အကျိုးထက်အပြစ်ဖြစ်ရသည့်
လုပ်ငန်းတိုင်းကို တွေးတောချင့်ချိန်ပြီး ပြည်သ
ကောင်းများဖြစ်အောင် ဆောင်ရွက်ကြရန်လို

ပြည်သူများ အပိုင်းကလည်း ယနေ့ မိမိ
အေးချမ်းမှုကို ဆက်လက်တည်မြဲနေစေရေ
အစိုးရနှင့်အတူ လက်တွဲထိန်းသိမ်းဆောင်ရွက်
သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပ
အခမ်းအနားသို့ တက်ရောက်လာကြသူများ

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ
စီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် ၅
ဆန်သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးက

ဘိုကလေးမြစ်ကူး

ထိုမှတစ်ဆင့် ပြည်သူ့ဆောက်လုပ်
စီမံကိန်းအထူးအဖွဲ့ (၅)က တာဝန်ယူတ

ဒုတိယသမ္မတ သီဟသူရဦးတင်အော
တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစ

မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝ
မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်
ဖော်ဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း
ချက်များနှင့် ခိုင်ခံ့သေသပ်သည့် တံတားကြီး
ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်
ကျောက်ရရှိရေးအတွက် ကျောက်လုပ်ကွက်မ
သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်
တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြ

ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ်
တည်ဆောက်လျက်ရှိသည့် ဘိုကလေးမြစ်ကူး
ပေးရှိမည့် တံတားဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့
ပိုစတာနှင့် စာစီစာကုံးပြိုင်

နေပြည်တော် ဇွန် ၁၉

၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံး ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့အမှတ်(၁)

အတည်ပြုချိန် ၁၁း၅၅

နည်းလမ်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဤနေရာတွင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းရပ်တစ်ခုခုတွင် ပြည်သူများ အမှန်တကယ် လိုက်ပါနိုင်ခြင်း ရှိ မရှိ ဖြစ်နိုင်ခြေ ရှိ မရှိ လေ့လာသုံးသပ်မှု၊ ပံ့ပိုးဖြည့်ဆည်းမှုမရှိဘဲ မိမိတာဝန်ကျေပွန်လိုသည့် ဆန္ဒတစ်ခုတည်းကိုသာကြည့်ပြီး မဖြစ်မနေ လိုက်ပါဆောင်ရွက်စေခြင်းမျိုးမဖြစ်ရန် လိုကြောင်း။

အလားတူ ကောင်းစေချင်၊ ဖြစ်စေချင်သည့် စေတနာလွန်ကဲမှုဖြင့် ဆောင်ရွက်ခြင်းကြောင့် အကျိုးထက်အပြစ်ဖြစ်ရသည့် လုပ်ရပ်မျိုးမဖြစ်ရန်လည်းလိုကြောင်း၊ လုပ်ငန်းတိုင်းကို တွေးတောချင့်ချိန်ပြီး ပြည်သူက လေးစားအားကိုးသော ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်သူများ အပိုင်းကလည်း ယနေ့ မိမိတို့ရရှိထားသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်တည်မြဲနေစေရအောင် လုံခြုံရေးသတိဖြင့် နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲထိန်းသိမ်းဆောင်ရွက်ရင်း မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး စီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် ၅၀၀ ဆံ့ Food Security Shelter ၌ ဆန်သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဘိုကလေးမြစ်ကူးတံတား

ထို့မှတစ်ဆင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘိုကလေး တံတားအကျယ် ၂၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၀၀ ရှိမည်ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

၃၇ ရာခိုင်နှုန်းပြီးစီး

ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းနှင့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း စုစုပေါင်းလမ်း သုံးလမ်းသည် ဘိုကလေးမြစ်ကူးတံတားနှင့် ဆက်သွယ်မည့် လမ်းများဖြစ်သည်။ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းများ ယခုအခါ ၃၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဖျာပုံ-ကျိုက်လတ်-မအူပင်-ညောင်တုန်းကားလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ညောင်တုန်း)

ထို့နောက် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က သိရှိစေရန်ရှင်းလင်းပြသရေး၊ တံတားရေလမ်းကြောင်း ပြောင်းလဲမှုအခြေအနေကို အမြဲစစ်ဆေးသုံးသပ်ပြီး မှတ်တမ်းထားရှိရေး၊ နောင်ရေရှည်ကာလတွင် မှီငြမ်းနိုင်ရေးအတွက် တံတားတည်ဆောက်မှုအတွေ့အကြုံများကို စနစ်တကျ မှတ်တမ်းထားရှိရေး၊ တံတားတည်ဆောက်ရေးတွင် ပါဝင်ကြသည့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ဆောင်ရွက်သည့်လုပ်ငန်းအပေါ် အမြဲမပြတ် ဂုဏ်ယူစိတ် ထားရှိရေးတို့ကို မှာကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး က တံတားတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်ပ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး ပင်မတံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(ညောင်တုန်း)ကို တည်ဆောက်ပြီးဖြစ်သည့် ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား အထက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်နေခြင်းဖြစ်ပြီး ကားလမ်းနှင့် ရထားလမ်းပါဝင်သည့် တံတားကြီးဖြစ်သည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘိုကလေးမြစ်ကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဘိုကလေး မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၊ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များနှင့် ခိုင်ခံ့သေသပ်သည့် တံတားကြီးအဖြစ် တည်ဆောက်ရန် မှာကြားပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်းတွင် လိုအပ်မည့် လမ်းခင်း ကျောက်ရရှိရေးအတွက် ကျောက်လုပ်ကွက်များရှာဖွေစုဆောင်းရန်လည်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာကို ဆက်သွယ် တည်ဆောက်လျက်ရှိသည့် ဘိုကလေးမြစ်ကူးတံတားသည် စုစုပေါင်းအရှည် ၃၅၅၃ ပေရှိမည့် တံတားဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပင်မတံတားအမျိုးအစား၊ ချဉ်းကပ်တံတား အမျိုးအစားများနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ တံတားသံပေါင် ရောက်ရှိမှုများ၊ ပင်မတံတားလုပ်ငန်းပြီးစီးမှုများ၊ စက်ယန္တရားသုံးစွဲမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးတင်စိုးက ချဉ်းကပ်ရထားလမ်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တံတားကြီး အမြဲမပြတ်ကောင်းမွန်ခိုင်ခံ့ရေးအတွက် တည်ဆောက်ရေးနည်းပညာအပိုင်းရော၊ သုံးစွဲသည့်ပစ္စည်းများအပိုင်းပါ စံချိန်စံညွှန်းမီရေး၊ ချဉ်းကပ်လမ်း တံတားများ၏ မြေသား အမာခံကောင်းမွန်ရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အင်ဂျင်နီယာကျောင်းသားများအား ဖိတ်ကြားပြီး တံတားတည်ဆောက်မှု လက်တွေ့အနေအထားများ

ဧရာဝတီတံတား(ညောင်တုန်း)၏ ပင်မတံတားအရှည်မှာ ၇၄၀၂ ပေ၊ ပင်မတံတားနှင့် ကားလမ်း တံတား စုစုပေါင်းအရှည်မှာ ၁၀၈၁၄ ပေ၊ ပင်မတံတားနှင့် ရထားလမ်း တံတား စုစုပေါင်းအရှည်မှာ ၂၀၅၄၅ ပေရှိမည်ဖြစ်သည်။

နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီရှိမည်ဖြစ်သည်။

ဆောင်ရွက်ပြီးစီး

ယခုအခါ ပင်မတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ၈၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ချဉ်းကပ်တံတားများ အပါအဝင် တံတားတစ်စင်းလုံး၏ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဟားခါး၌ ကျင်းပ

နေပြည်တော် ဇွန် ၁၉

၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံး ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၈၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲများသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူများ ပြိုင်ပွဲဝင်ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

(သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

ရှမ်းပြည်နယ် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်း ကျောင်းဆောင်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူတို့သည် ၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဝင်ရောက်ယှဉ်ပြိုင်

အဆိုပါ ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုံးနှင့် ကလောမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများအား ဂျပန်နိုင်ငံ Diawa Insitute of Research Ltd မှ Special Advisor, Mr. Eiichiro Okumoto နှင့် Taiyo Life Insurance Co. ဥက္ကဋ္ဌ Mr. Katsuro Oishi နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "နှစ်ဖက်မြင်ဖြစ်စေချင်" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၈)**
- ၈း၅၀ ဖွံ့ဖြိုးသာယာမင်္ဂလွန်းစံပြကျေးရွာ စုပေါင်းဆင်နွှဲ ဗုဒ္ဓရာပြည့်ပွဲ
- ၉း၀၅ Activities In The City
- ၉း၂၀ ကူညီဒါနကုသိုလ်မျှ. . . ပုညသဟာယ
- ၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ
- ၁၀း၀၅ ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ မွေးဖွားတော်မူရာ(ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ)
- ၁၀း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၅ The Champion of Dance
- ၁၁း၁၀ Celebrity Choice
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁၂း၃၅ ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ
- ၁း၀၀ "နှစ်ဖက်မြင်ဖြစ်စေချင်" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၅ ဆေးလိပ်ဖြတ်ပွဲနှင့် အသည်းခြောက် ရောဂါအကြောင်းဟောပြောပွဲ
- ၃း၁၅ မိုးအလှပန်းချီတေးကိုသီ
- ၃း၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၀)**
- ၄း၁၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၈)**
- ၅း၀၀ သဘာဝ Scarlar စွမ်းအင်ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ
- ၅း၂၅ အသည်းကင်ဆာကုထုံးသစ် အကြောင်းဆွေးနွေးခြင်း
- ၅း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၁)**
- ၇း၃၅ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၉)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၀ တစ်ပြည်ဝင်အိုး
- ၁၁း၀၅ International Show Biz
- ၁၁း၂၀ ကလေးတေးသရုပ်ဖော်အစီအစဉ်
- ၁၁း၃၅ ဈေးဝယ်လမ်းညွှန်
- ၁၂း၀၀ အရက်နှင့်ကျန်းမာရေး
- ၁၂း၃၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ
- ၁း၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၄၀ Box Office Movies(Avator)
- ၂း၀၀ ဘဝများ
- ၂း၂၅ Shooting Location
- ၂း၄၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့
- ၄း၂၀ စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ်
- ၄း၃၀ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
- ၄း၄၀ မေတ္တာသည်သာတတ်စွမ်းနိုင်တာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ယနေ့ မြန်မာစံတော်ချိန် ၅ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ယမန်နေ့က အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဥတုရာသီ တောက်ကိုမှီ၍

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

(၁၅)ကြိမ်မြောက်တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ပိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၁၁ ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲများကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား အသက် (၁၈)နှစ်အထက် ဖလိုင်းဝိတ်တန်း ပြိုင်ပွဲနှင့် အသက်(၁၈)နှစ်အောက် ဖလိုင်းဝိတ်တန်း ပြိုင်ပွဲတို့တွင် ဆုရရှိသူများ၊ အမျိုးသမီး အသက်(၁၈)နှစ်အထက် ဖလိုင်း ဝိတ်တန်းနှင့် အသက်(၁၈)နှစ်အောက် ဖလိုင်းဝိတ်တန်း ပြိုင်ပွဲတို့တွင် ဆုရရှိသူ များ၊ အမျိုးသမီး၊ အမျိုးသား အသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ သီဟအောင် (ကယားပြည်နယ်)နှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရ မသက်မြတ်နိုးဝေ (ရန်ကုန်တိုင်းဒေသကြီး) တို့အား တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက ပထမ တံခွန်စိုက်ဒိုင်းဆုရ အမျိုးသား၊ အမျိုးသမီး (ရန်ကုန်တိုင်းဒေသကြီး) အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း ၂၀၁၁ ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရ အမျိုးသား၊ အမျိုးသမီး (ရန်ကုန်တိုင်းဒေသကြီး) အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ် လူရွေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှ ဆပ်ကော်မတီက ကြီးမှူး၍ IBTC Co., Ltd. Krislite လျှပ်စစ်မီးဆိုင်း အလှပြင်လုပ်ငန်းနှင့် KTM သောက်ရေသန့် လုပ်ငန်းတို့က ပံ့ပိုးကူညီသော ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ် လူရွေးပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကာယဗလမောင် ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ (၅၅)ကီလိုတန်း ပြိုင်ပွဲတွင် မင်းနိုင် (ပန်းဘဲတန်းမြို့နယ်)၊ (၆၀)ကီလိုတန်းပြိုင်ပွဲတွင် သန်းဝင်း (ပန်းဘဲတန်းမြို့နယ်)၊ (၆၅)ကီလိုတန်း ပြိုင်ပွဲတွင် အောင်လှဦး (ပန်းဘဲတန်း မြို့နယ်)၊ (၇၀)ကီလိုတန်းပြိုင်ပွဲတွင် လင်းလင်းနိုင် (ပန်းဘဲတန်းမြို့နယ်)နှင့် (၇၀) ကီလိုအထက် ပြိုင်ပွဲတွင် ရဲကျော်မင်း (ပန်းဘဲတန်းမြို့နယ်)တို့က ပထမဆုများ အသီးသီး ရရှိသွားကြသည်။

ကာယအလှမယ်အငယ်တန်းပြိုင်ပွဲတွင် အေးချမ်းမြေ့ (ဗိုလ်တထောင်မြို့နယ်) နှင့် အကြီးတန်းပြိုင်ပွဲတွင် ခိုင်စိုးဝေ (စမ်းချောင်းမြို့နယ်)တို့က ပထမဆုများ ရရှိသွားကြသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ကလပ်ပေါင်းစုံ တံခွန်စိုက်ဆုကို ပန်းဘဲတန်းမြို့နယ် ကလပ်အသင်းက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခုဖြင့် ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ရန်ကုန်တိုင်း ဒေသကြီး ကာယဗလနှင့် ကာယအလှ ဆပ်ကော်မတီဝင်တို့က ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ခဲ့သည်။
(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရှင် မူးယစ်ဆန့်ကျင် အောင်ပွဲဝင်

အိုလံပစ်နေ့ အထိမ်းအမှတ် အမြန်ရွှေ့ စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အမြန်ရွှေ့စစ်တုရင် (Rapid Chess Tournament) ပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ဇွန် ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အမြန်ရွှေ့ စစ်တုရင် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာ နိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက ပထမဆုရ မင်းထူး (ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ဒုတိယဆုရ ဝင်းထွန်း (ပြည်ထဲရေး ဝန်ကြီးဌာန)နှင့် တတိယဆုရ သန်းထိုက်စိုး (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန)တို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် စတုတ္ထဆုရ အောင်မျိုးလှိုင်၊ ပဉ္စမဆုရ သိန်းထွေးနိုင်၊ ဆဋ္ဌမဆုရ ဇေယျာနှင့် သတ္တမဆုရ အောင်လင်းတို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ အမှုဆောင်များက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ သက်ဆိုင်ရာ အားကစားစခန်းများ၌ ဝူရှူး၊ တင်းနစ်၊ ကာယဗလ/ အလှ၊ တိုက်ကွမ်ဒိုနှင့် သေနတ်ပစ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ဝူရှူးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး (ဆန်းဆို)ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း (ထောက်လု)ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး အသက်(၁၀) နှစ်အထက် လူသစ်တန်းပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်တို့မှ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမရွေးချယ်လေ့ကျင့်ပေးထားသော အမျိုးသား၊ အမျိုးသမီး အားကစားသမားများက လက်ရည်စမ်း သရုပ်ပြကစားကြပြီး သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် သေနတ်ပစ်ပြိုင်ပွဲများကို ညနေ ၃ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ သေနတ်ပစ် အဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများအတွက် ပဏာမရွေးချယ်လေ့ကျင့် ပေးထားသည့် အမျိုးသား၊ အမျိုးသမီး အားကစားသမားများက ပစ်ခတ်စဉ် ၁၃ မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြန်မာနိုင်ငံ သေနတ်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်စံချိန်ဆုများ အဖြစ် (၂၅)ကြိမ်မြောက် အရှေ့တောင် အာရှ သေနတ်ပစ်ပြိုင်ပွဲ (ရွှေ)စံချိန်ဆုအား မီတာ ၁၀ လေပစ္စတို အမျိုးသားပစ်ခတ်စဉ်၌ မိုးကျော်ကျော်က လည်းကောင်း၊ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ သေနတ်ပစ်ပြိုင်ပွဲ (ရွှေ)စံချိန်ဆုအား ၁၀ မီတာ လေပစ္စတို အမျိုးသားပစ်ခတ်စဉ်၌ မောင်ကြူးနှင့် မီတာ ၅၀ ပွိုင့် ၂၂ ရိုင်ဖယ် ဝမ်းလျားမှောက် အမျိုးသမီးပစ်ခတ်စဉ်၌ သန်းသန်းစောတို့က စံချိန်ဆုများ ရရှိခဲ့သည်။ (သတင်းစဉ်)

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး၊ ပုသိမ်)အတွက် အသက်(၁၁)နှစ်နှင့် အသက်(၁၃)နှစ်အောက် သင်တန်းသားများ ရွေးချယ်ခေါ်ယူ

ရန်ကုန် ဇွန် ၁၉

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်ဖွံ့ဖြိုးအောင်မြင်နိုင်စေရန် ဆောင်ရွက်ရမည့် ကဏ္ဍများအနက် အနာဂတ် မျိုးဆက်သစ်လူငယ်ဘောလုံးကစားသမားများအား စနစ်တကျရွေးချယ် လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခြင်းမှာ အရေးကြီးသည့် ကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။ ၎င်းကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်သည့်အနေဖြင့် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး၊ ပုသိမ်) အတွက် အသက်(၁၁)နှစ်အောက်နှင့် အသက်(၁၃)နှစ်အောက် ဘောလုံးသင်တန်းသားများ စနစ်တကျ ရွေးချယ်လေ့ကျင့်ပေးနိုင်ရန် မိတ္ထီလာ၊ မြစ်ကြီးနား၊ ကသာ၊ မိုးညှင်း၊ မုံရွာ၊ စစ်ကိုင်း၊ ပုသိမ် စသည့်ဒေသများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဒေသကြီးနှင့်ခရိုင်၊ မြို့နယ် အဆင့်ဆင့် သက်ဆိုင်ရာဒေသအလိုက် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပူးပေါင်းလျက် မြန်မာဘောလုံး အကယ်ဒမီမှ တာဝန်ရှိသူများက ကွင်းဆင်းလေ့လာပြီး ဘောလုံးသင်တန်းသားများ ရွေးချယ်ခေါ်ယူနိုင်ရေးအတွက် ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး၊ ပုသိမ်)တို့အတွက် လူငယ်ဘောလုံး သင်တန်းသား အသက်(၁၁)နှစ်အောက်၊ (ယူ-၁၁) ၃၀၊ အသက်(၁၃)နှစ်အောက် (ယူ-၁၃) ၃၀ စုစုပေါင်း ၆၀ အား စနစ်တကျရွေးချယ်ခေါ်ယူ လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်သည်။

မိတ္ထီလာမြို့နယ် အားကစားကွင်းတွင် ဇွန် ၁၄ ရက်က မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး၊ ပုသိမ်) အတွက် လူငယ်ဘောလုံးသင်တန်းသား စနစ်တကျ ရွေးချယ်ခေါ်ယူခြင်းကို ပြုလုပ်ဆောင်ရွက်ရာ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့များမှ အသက်(၁၁)နှစ်အောက် (ယူ-၁၁) လူငယ်ဘောလုံးဝါသနာရှင် ၁၇ ဦး၊ အသက်(၁၃)နှစ်အောက်(ယူ-၁၃) လူငယ်ဘောလုံးဝါသနာရှင် ၈၃ ဦး လာရောက်ပါဝင် အရွေးချယ်ခံပြီး မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်ဖွံ့ဖြိုးအောင်မြင်နိုင်စေရန် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၇၉)

ပြည်ပအားကစားသတင်းများ

ဒမ်ဘာဘာနှင့် မာဗီးယက်စ်တို့ကို နယူးကာဆယ်ခေါ်ယူ

လန်ဒန် ဇွန် ၁၉

နယူးကာဆယ် အသင်းသည် တန်းဆင်းသွားခဲ့ရသည့် ဝက်စ်ဟမ်း အသင်းမှ တိုက်စစ်မှူး ဒမ်ဘာဘာနှင့် ရင်းနစ် ကွင်းလယ်ကစားသမား မာဗီးယက်စ်တို့ကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း The Sun တွင် ဖော်ပြထားသည်။

ဟော့ဖန်ဟိုင်းမှ ဝက်စ်ဟမ်း အသင်းသို့ရောက်ရှိလာခဲ့သည့် ဆီနီဂေါ နိုင်ငံသား ဒမ်ဘာဘာသည် ဝက်စ်ဟမ်း အသင်း တန်းဆင်းသွားရခြင်းကြောင့် နယူးကာဆယ်သို့ပြောင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းသည် အသက်(၂၆)နှစ်ရှိ ဒမ်ဘာဘာ **(ယာပုံ)** ကို ပြောင်းရွှေ့ကြေး ပေါင်လေးသန်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဒမ်ဘာဘာသည် နယူးကာဆယ်တွင် တစ်ပတ်လုပ်ခ ပေါင်ငါးသောင်းရရှိမည်ဖြစ်သည်။

ထို့ပြင် နယူးကာဆယ်အသင်းသည် ရင်းနစ်အသင်းမှ ပြင်သစ် ကွင်းလယ်ကစားသမား မာဗီးယက်စ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူကာ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဟု ဆိုသည်။ မာဗီးယက်စ်သည် စောစောပိုင်းက လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ဆေးစစ်မှုခံယူခဲ့ရာ မအောင်မြင်ခဲ့၍ နယူးကာဆယ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ အသက်(၂၅)နှစ်ရှိ မာဗီးယက်စ်သည် လာမည့်ဇူလိုင် ၁ ရက်တွင် စိန့်ဂျိမ်းစ်ပတ်ခ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ နယူးကာဆယ်အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသုံးဦး ခေါ်ယူပြီးဖြစ်သည်။

The Sun။

ဟန်သစ်

မက္ကဆီကိုနှင့် ဟွန်ဒူးရပ်စ်တို့ အကြိုဗိုလ်လုပွဲတက်ပြီ

နယူးယောက် ဇွန် ၁၉

ဇွန် ၅ ရက်မှ ၂၅ ရက်အထိ အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များကို ဇွန် ၁၈ ရက်က ကျင်းပခဲ့ရာ မက္ကဆီကိုနှင့် ဟွန်ဒူးရပ်စ်တို့ နိုင်ပွဲရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

- မက္ကဆီကိုအနိုင်ရ -

မက္ကဆီကိုနှင့် ဂွါတီမာလာတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် မက္ကဆီကိုက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ မက္ကဆီကိုအတွက် ဂိုးများကို ပွဲချိန် ၄၉ မိနစ်တွင် အယ်လ်ဒိုဒီနီဂရက်စ်နှင့် ၆၆ မိနစ်တွင် ဟာနန်ဒက်ဇ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂွါတီမာလာအတွက် ဂိုးကို ပထမပိုင်းပွဲအစ ၅ မိနစ်မှာပင် ကာလို့စ်ရူရစ်က သွင်းယူခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် မက္ကဆီကိုမှ ဟာနန်ဒက်ဇ်မှာ ခြောက်ဂိုး သွင်းယူထားနိုင်ပြီးဖြစ်သည်။

- ပယ်နယ်တီဖြင့်နိုင် -

ကော့စတာရီကာနှင့် ဟွန်ဒူးရပ်စ်တို့ ပွဲမှာ မိနစ် ၉၀ အတွင်း တစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပို၊ ပယ်နယ်တီအထိ ဆက်ကစားခဲ့ရသည်။ ပယ်နယ်တီ ကန်သွင်းရာတွင် ဟွန်ဒူးရပ်စ်က လေးဂိုးဝင်ပြီး ကော့စတာရီကာက နှစ်ဂိုးသာဝင်ခဲ့၍ ဟွန်ဒူးရပ်စ်အသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ *ESPN*။

မက္ကဆီကိုမှ ဟာနန်ဒက်ဇ်၏ ပါဘလိုဘာရီရာနှင့် ဂွါဒါဒိုတို့ ဒုတိယဂိုးသွင်းအပြီးတွေ့ရစဉ်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂ အဆောက်အအုံ၌ ကျင်းပသည့် အကြိမ်(၁၀၀) မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉ - ၆ - ၂၀၁၁

ဝ
၆ ဒသမ ၇၃ လက်မ
မအူပင်
၆ ဒသမ ၀၆ လက်မ
ပေါင်
၅ ဒသမ ၃၅ လက်မ
မောင်တော
၅ ဒသမ ၂၇ လက်မ
ဖျာပုံ
၅ ဒသမ ၀၇ လက်မ
ကျိုက္ခမီ
၄ ဒသမ ၇၆ လက်မ

စီးပွားရေးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်သကဲ့သို့ ထိရောက်သောလူမှုဖူလုံရေးခံစားခွင့်ရရှိရေး အလေးထားဆောင်ရွက်နေ

နေပြည်တော် ဇွန် ၁၉

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၁ ရက်မှ ၁၇ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် အကြိမ်(၁၀၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ရန် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ဂျီနီဗာမြို့သို့ ရောက်ရှိခဲ့သည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ပြီး ညီလာခံသို့ တက်ရောက်လာသော ကာတာနိုင်ငံ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ဘင်္ဂလားပင်လယ်အော်ရှိ ကုန်းတွင်းမုန်တိုင်းငယ် အားပျော့ပျက်ပြယ်

နေပြည်တော် ဇွန် ၁၉

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ယမန်နေ့က အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်တည်ရှိနေခဲ့ကာ ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းကုန်းတွင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)